# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 8, 2019 Volume 15, Number 4


**၈.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/ကျပ် |
| CBM Rate | = ၁၅၃၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၆၂.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၃.၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၄.၀ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၅.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၇.၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၃၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၁၉ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၃၇ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၇၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၇၆ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကျင်စန်းကျော့ဂိတ် တရားဝင်ဖွင့်လှစ်နိုင်ရေး တရုတ်လိုလားဟု စီးပွား/ကူးသန်းဝန်ကြီးပြော၊ တောင်သူနှင့်ကုန်သည်များ၏ နစ်နာဆုံးရှုံးမှုကို စာနာကြောင်းနှင့်အသိအမှတ်ပြုပါကြောင်းပြောကြား




*စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးနေစဉ် (ဓာတ်ပုံ – ပိုင်စိုးသူ)*

မြန်မာ-တရုတ်နယ်စပ်ရှိ ကျင်စန်းကျော့ဂိတ်ကို တရားဝင်ဖွင့်လှစ်ရေး တရုတ်နိုင်ငံက လိုလားသည့် သဘောရှိကြောင်းနှင့် အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆက်လက်ဆွေးနွေး ညှိနှိုင်းမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

ကျင်စန်းကျော့ဂိတ်သည် တရားဝင်ဖွင့်လှစ်ထားခြင်းမရှိသေးသည့် ဂိတ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံမှ လုံခြုံရေးကိစ္စအကြောင်းပြချက်ဖြင့် ပြီးခဲ့သည့် ၂၀၁၈ ဒီဇင်ဘာ ၂၀ ရက်က ပိတ်ခဲ့သဖြင့် မြန်မာနိုင်ငံမှ ဖရဲ၊ သခွားတင်ပို့နေသော ကားများစွာ ပိတ်ဆို့မှုများဖြစ်ခဲ့သည့်အပြင် တောင်သူများဆုံးရှုံး နစ်နာမှုများစွာ ကြုံခဲ့ရသည်။ ယင်းသို့ ဖြစ်ပျက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၉ ဇန်နဝါရီ ၇ ရက်က နေပြည်တော်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် တရုတ်သံရုံး ကိုယ်စားလှယ်များ ဆွေးနွေးခဲ့သည်။

သဘောတူညီချက်အရ သူတို့ရှိတဲ့ဂိတ်တွေကို အချိန်ပိုတိုးဖွင့်ပေးမည်ဖြစ်ကြောင်း၊ တတ်နိုင်သမျှလည်း ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ သူတို့ဘက်က လူဝင်၊ လူထွက် စနစ်တကျ တင်းကျပ်တဲ့အတွက် ကားတွေက လွယ်လွယ်ကူကူဝင်လို့မရကြောင်း၊ ကန့်သတ်တာမဟုတ်သော်လည်း လူတွေ

ကို လက်ဖွေနိုပ်တာတို့၊ ဓာတ်ပုံရိုက်တာတို့လုပ်တော့ အချိန်ကကြာကြောင်း၊ အဲဒါကို မြန်မြန်ဆန်ဆန် လုပ်ပေးဖို့လိုကြောင်း၊ အရင်တုန်းက နှစ်လိုင်းရှိရာကနေ လေးလိုင်းလုပ်ပေးရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ဂိတ်တွေဖွင့်တဲ့နေရာမှာ ဟိုတုန်းကသဘောတူညီချက်တွေရှိကြောင်း၊ ရေရှည်မှာ ပြန်လည်ပြင်ဆင်ပြီးတော့ ပိုမို ကောင်းမွန်လာအောင် လုပ်ဖို့တော့ရှိကြောင်း။ ရေတိုမှာတော့ ဂိတ်တွေကို ဘယ်လိုမြန်မြန်ဆန်ဆန်ဖြစ်အောင် ဖွင့်ကြ မလဲဆိုတာ မူအားဖြင့်သဘောတူညီမှုရကြောင်း၊ သူတို့ဘက်ကလည်း သူတို့ဆောင်ရွက်မယ်။ ကိုယ့်ဘက်ကလည်း ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့တိုင်ပင်ပြီး အမြန်ဆုံးဖြစ်အောင်လုပ်ပေးရမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။ ထို့အပြင် ဖရဲ၊ သခွားတင်ပို့ရာတွင် ဆုံးရှုံးမှုများရှိခဲ့သည့် လုပ်ငန်းရှင်များနှင့် တောင်သူများအပေါ် ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် ရှိ၊ မရှိမေးမြန်းရာ နစ်နာမှုများကိုသိရှိကြောင်းနှင့် အသိ အမှတ်ပြု စာနာသော်လည်း လတ်တလော ဆောင်ရွက်ပေးရန်မရှိသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ ဖရဲ၊ သခွားများနှင့် ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ နှစ်နိုင်ငံနားလည်မှုဖြင့်ဖွင့်လှစ်ထားသော ကျင်စန်းကျော့ဂိတ်မှ တစ်ဆင့် ကုန်ပစ္စည်းများတင်ပို့နေခြင်း ဖြစ်သည်။

မြန်မာ-တရုတ်နယ်စပ်တွင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးဟူသည့် နယ်စပ်ကုန်သွယ်ရေးဇုန် လေးခုကို တရားဝင်ဖွင့်လှစ်ထားသည်။ တစ်နှစ်လျှင် ကန်ဒေါ်လာငါးဘီလီယံကျော် ကုန်သွယ်နေသည့် မူဆယ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းသည် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများတွင် ကုန်သွယ်မှု အများဆုံး ဖြစ်သည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏသည် အခြားကုန်သွယ်ရေး ဇုန်သုံးခုထက် ၈၀ ရာခိုင်နှုန်းကျော်ပိုများသည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ကုန်စည် ပို့ဆောင်ရာတွင် မန်ဝိန်း၊ ရွှေလီဂိတ်နှင့် ပန်ဆိုင်း၊ ဝမ်တိန်ဂိတ်များ တရားဝင်ဖွင့်လှစ်ထားသည်။ လက်ရှိကျင်စင်း ကျော့ဂိတ်တွင်နှစ်နိုင်ငံနားလည်မှုဖြင့်သာ ကုန်သွယ်နေခြင်းဖြစ်သည်။ ထို့အပြင် ကျင်စန်းကျော့ဂိတ်သည် မြန်မာ နိုင်ငံမှ ပို့ကုန်တစ်မျိုးကိုသာ အဓိကဆောင်ရွက်နေသည်။

**Source:** http://www.7daydaily.com/story/146844

## လယ်ယာနှင့်ရေထွက်ကုန်များကို ပစ္စည်းချင်းဖလှယ်သည့်စနစ်ဖြင့် ရောင်းချသွားရန် ယခုနှစ်အတွင်း တရုတ်နှင့် MOU ရေးထိုးသွားမည်

မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းဖလှယ်သည့် စနစ်ဖြင့် တင်ပို့သွားနိုင်ရန်အတွက် ယခုနှစ်အတွင်း မြန်မာနှင့်တရုတ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ MOU ရေးထိုး သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာထွက်ကုန်သီးနှံများနှင့် ရေထွက်ကုန်ဖြစ်သည့် ငါး၊ပုဇွန်များကို လက်ရှိတွင် တရုတ်နိုင်ငံသို့တင်ပို့ ရောင်းချ နေရမှုများရှိသော်လည်း ယခုနောက်ပိုင်းတွင် မြန်မာနိုင်ငံမှထွက်သည့် လယ်ယာထွက်သီးနှံများနှင့် ရေထွက် ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ပြီး တင်ပို့သည့်ပစ္စည်း တန်ကြေးနှင့်ညီမျှသည့် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများကို ပြန်လည်ဝယ်ယူသည့် ပစ္စည်းချင်းဖလှယ်သည့်စနစ်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပြီး ယခုနှစ်အတွင်း မကြာမီချိန်တွင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန်အတွက် စီစဉ်လျက်ရှိကြောင်းသိရသည်။

MOU ထိုးဖို့စီစဉ်နေတာက ဒီကပို့တဲ့ပစ္စည်းတန်ဖိုးအတိုင်းကို သူတို့ဆီက ကိုယ်ကြိုက်တဲ့ပစ္စည်းကို တန်ဖိုး အတိုင်း ပြန်ယူတဲ့အစီအစဉ်ဖြစ်ကြောင်း၊ အစိုးရချင်းလက်မှတ်ထိုးပြီးရင် သက်ဆိုင်ရာကုန်တင်ပို့တဲ့ အသင်းတွေက ဆက် ဆောင်ရွက်မှာဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောပြသည်။ လက်ရှိတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာထွက် သီးနှံများဖြစ်သည့် ဖရဲ၊ သခွား၊ သရက်နှင့် ဆန်တို့ကိုလည်းကောင်း၊ ရေထွက်ကုန်အနေဖြင့် ငါး၊ ပုဇွန်၊ ငါးရှဉ့် အစရှိသဖြင့်တို့ကိုလည်းကောင်း ဝယ်ယူလျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ကွဲတန်ချိန် ခြောက်သောင်းကျော်ကိုလည်း ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် ရောင်းချနိုင်ရေးအတွက် ကိုလည်း ယခင်နှစ်အတွင်းက MOU ရေးထိုးထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## ယခုဘဏ္ဍာနှစ်အစတွင် လယ်ယာထွက်ကုန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေတိုးတက်ရရှိနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုမှရရှိသည့် ပို့ကုန်ဝင်ငွေမှာ ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာ ၇ သန်းနီးပါး ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကုန်သွယ်မှုဆိုင်ရာစာရင်းများအရသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အစ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၂၈ ရက်နေ့အထိ လယ်ယာထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၁၆ သန်းကျော် ရရှိထားပြီး၊ ယခင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကာလတူအချိန်က ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၀၉ သန်းကျော်သာရရှိခဲ့သည်။

လတ်လလော အနေအထားတွင် တရုတ်အစိုးရမှ ဆန်၊ ပြောင်းအပါအဝင် နယ်စပ်မှတင်ပို့နေသည့် မြန်မာ့ပို့ကုန်ပစ္စည်းများကို ကန့်သတ်ပိတ်ပင်ထားသော်လည်း ယခုဘဏ္ဍာနှစ်အစတွင် အိန္ဒိယနိုင်ငံသို့ ပဲအမျိုးမျိုးတင်ပို့နိုင်မှုမှာ ယမန်နှစ်ကာလတူထက် မြင့်တက်လာခြင်းနှင့် ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုမြင့်တက်လာခြင်းတို့ကြောင့် ဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

အိန္ဒိယကို ပဲတင်ပို့မှုက ယမန်နှစ်နဲ့ယှဉ်ရင် ပိုများလာတဲ့အတွက်ကြောင့်မို့ပါ။ နှစ်လကျော်၊ သုံးလနီးပါးကာလမှာပဲ ပဲတွေတန်ချိန် ၂ သိန်းဝန်းကျင်လောက် ပဲမျိုးစုံက ပိုတင်ပို့လာနိုင်တဲ့ အနေအထားရှိလာတယ်။ ပင်လယ်ရေကြောင်းကနေ ဆန်တင်ပို့မှုတွေက တိုးတက်လာတဲ့ အနေအထားမှာရှိလာတယ်၊ နိုင်ငံခြားပို့ကုန်မှာ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမြင့်တက်လာတာဖြစ်ကြောင်းဆိုသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက အိန္ဒိယနိုင်ငံတွင် ပဲစိုက်ပျိုးထွက်ရှိမှု စံချိန်တင်ပိုလျှံသည့် အနေအထားသို့ ရောက်ရှိနေသည့်အတွက် အိန္ဒိယတောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံအပါအဝင် ပြည်ပမှ ပဲဝယ်ယူတင်သွင်းမှုကို တန်ချိန်ကန့်သတ်ခဲ့သည်။ ယင်းကဲ့သို့ တင်သွင်းမှုပမာဏကန့်သတ်လိုက်သဖြင့် ပြည်တွင်းတွင် မတ်ပဲနှင့်ပဲစဉ်းငုံဈေးနှုန်းများမှာ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ဝန်းကျင်သို့ရောက်ရှိခဲ့ရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံမှ ပဲလိုအပ်ချက်ကြောင့် ပြန်လည်ဝယ်လိုအား များလာခြင်းကြောင့် ပို့ကုန်ဝင်ငွေများလဲ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုနှစ် အောက်တိုဘာလဆန်းပိုင်းက စတင်ခဲ့သော တရုတ်အစိုးရ၏ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်မှုစီမံချက်ကြောင့် ဆန်၊ ဖရဲနှင့် ပြောင်းတင်ပို့မှုတို့မှာ ကျဆင်းလျှက်ရှိသည်။

**Source:**http://www.amiamyanmar.com/detail.aspx?id=5734&fbclid=IwAR0JGMZ4wMcD1Pzm7FQz3kIcuce1T_PSAVMa3UIHkN5aSb6NxQTCaHOvZRQ

## ရွှေနှင့်သတ္တု စမ်းသပ်ရှာဖွေခွင့်ပြုထားသည့်ကုမ္ပဏီများကို သတ္တုအနည်း၊ အများပေါ်မူတည်ပြီး လုပ်ကိုင်ခွင့်နှစ်သတ်မှတ်ပေးမည်

ရွှေနှင့်သတ္တုတူးဖော်ရေးတွင် အကြီးစားလုပ်ကွက်များကို လက်ရှိအစိုးရ သက်တမ်း၌ခွင့်ပြုပေးခြင်းမရှိသေးသော်လည်း စမ်းသပ်ရှာဖွေခွင့်ပြုထားသည့် ကုမ္ပဏီများကို တူးဖော်ခွင့်ပေးမည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးကပြောကြားသည်။ ရွှေနှင့်သတ္တုတူးဖော်ရေးအတွက် အကြီးစားလုပ်ကွက်များကို ၂၀၁၈ ဩဂုတ်တွင် စတင်လျှောက်ထားခွင့်ပေးပြီး လက်ရှိ၌ လျှောက်ထားသည့် လုပ်ကွက် ၄၀ ကျော်ရှိနေသည်ဟု ၎င်းကဆက်လက်ပြောသည်။

စမ်းသပ်ရှာဖွေတာကို အကုန်လုံးကိုပေးနေကြောင်း၊ နိုင်ငံခြားရော၊ ပြည်တွင်း၊ ပြည်ပရော အကုန်ပေးတယ်။ စမ်းသပ်ရှာဖွေမှုပြီးရင် တူးဖော်ခွင့်ရမယ်။ သတ္တုအနည်း၊ အများပေါ်မူတည်ပြီး နှစ်အနည်း၊ အများပေးသွားဖို့ရှိကြောင်း ဦးမင်းမင်းဦးကပြောသည်။

လျှောက်ထားသည့် လုပ်ကွက် ၄၀ ကျော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံ သဘောထား မှတ်ချက်တောင်းခံထားပြီး ထိုသဘောထားမှတ်ချက်တွင် လုပ်ကွက်အတွင်းကျောင်းများ၊ သာသနာ့ နယ်မြေများ၊ စိုက်ပျိုးမြေနှင့် လူထုသဘောထားများကို တောင်းခံထားသည်ဟု ၎င်းကပြောသည်။

သတ္တုတွင်း ဥပဒေအရ သတ္တုတူးဖော်ခြင်းတွင် အကြီးစားလုပ်ကွက်နှင့် အလတ်စားလုပ်ကွက်များကို ပြည်ထောင်စုအစိုးရက ခွင့်ပြုပေးပြီး အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ

များက လုပ်ကိုင်ခွင့်ပေးခြင်းဖြစ်သည်။ ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက်နှင့် ကျောက်မီးသွေး အပါအဝင်ဓာတ်သတ္တုများ တူးဖော်ရန် လုပ်ကွက်ဧက ၂၄၀,၀၀၀ ခန့်ကို ကုမ္ပဏီများက လျှောက်ထား၍ ဆက်လက်ခွင့်ပြုရန် သင့်၊ မသင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ခြောက်ခုထံ သဘောထားမှတ်ချက် တောင်းခံထားကြောင်း သယံဇာတနှင့် သဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။
ဝန်ကြီးဌာန လုပ်ကွက်စိစစ်ရေးအဖွဲ့သည် ၂၀၁၈ နိုဝင်ဘာလကုန်တွင် ပထမဆုံးဖွင့်ဖောက် စစ်ဆေးပြီးနောက် တင်ပြတောင်းဆိုသည့် ကုမ္ပဏီများအနက် ကုမ္ပဏီ ၃၁ ခုသည်သတ်မှတ် အရည် အချင်းနှင့် ပြည့်စုံသည်ဟု ဝန်ကြီး ဌာနက ထုတ်ပြန်ထားသည်။ ထိုကုမ္ပဏီများသည် စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ မကွေး၊ တနင်္သာရီ စသည့် တိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့တွင်ဖြစ်ပြီး ကျောက်မီးသွေး၊ မဂ္ဂနီဒိုင်အောက်ဆိုက်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရွှေ၊ ခနောက်စိမ်း၊ ခရိုမိုက်တို့ တူးဖော် လိုကြောင်း ထုတ်ပြန်ထားသည်။ ရှမ်းပြည်နယ်တွင် ရွှေသတ္တုတူးဖော်ရန် မြေဧက ၁၈၀,၀၀၀ ကျော်တင်ပြထားပြီး ခနောက်စိမ်း၊ ခဲနှင့်ကျောက်မီးသွေးတို့ပါဝင်ကာ သတ္တုတူးဖော်ရန် မြေဧကအများဆုံးတင်သွင်းထားသည်။

**Source:** http://www.7daydaily.com/story/146834

## ကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုညှိနှိုင်း




ကုန်သွယ်ခွန်အပြန်အလှန်ကောက်ခံရေးကိစ္စ တင်းမာနေတဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံကြား ပြေလည်မှုရရေး ၂ နိုင်ငံက ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်တွေ ဘေဂျင်းမြို့တော်မှာ ဒီနေ့စတင်ဆွေးနွေးနေကြပါတယ်။ ၂ ရက်ကြာဆွေးနွေးပွဲကနေ ရလဒ်ကောင်းထွက်လာမယ်လို့ ၂ ဖက်လုံးက အကောင်းမြင်ပြောကြားခဲ့ကြပါတယ်။
တရုတ်နဲ့သဘောတူညီချက်တခုရမယ်လို့ ထင်ကြောင်း သမ္မတ Donald Trump ကပြီးခဲ့တဲ့ သီတင်းပါတ်က ပြောကြားခဲ့သလို တရုတ်နိုင်ငံခြားရေးဌာန ပြောခွင့်ရ Lu Kang ကလည်း အပြုသဘောဆောင်ပြီး အလုပ်ဖြစ်တဲ့ ဆွေးနွေးမှုတွေ ဖြစ်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။
ဒေါ်လာ ၂၅၀ ဘီလျံတန်ဖိုးရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေအပေါ် သမ္မတ Trump ကပြီးခဲ့တဲ့နှစ်က ၂၅% သွင်းကုန်ခွန် တိုး ကောက်ခဲ့ပါတယ်။ တရုတ်ဖက်ကလည်း တုံ့ပြန်တဲ့အနေနဲ့ ဒေါ်လာ ၁၁၀ ဘီလျံတန်ဖိုးရှိတဲ့ အမေရိကန် ကုန်ပစ္စည်းတွေအပေါ် သွင်းကုန်ခွန်ကောက်ခဲ့ပါတယ်။ ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုကို ညှိနှိုင်းဖြေရှင်းဖို့ အတွက် ဇန်နဝါရီ ၁ ရက်နေ့ကနေ ရက်ပေါင်း ၉၀ ကြာ သွင်းကုန်ခွန် တိုးမြှင့်ကောက်ခံမှုတွေ ဆိုင်းထားဖို့ အမေရိကန်သမ္မတ Trump နဲ့ တရုတ်သမ္မတ Xi Jinping တို့ သဘောတူခဲ့ကြတာဖြစ်ပါတယ်။

**Source:** https://burmese.voanews.com/a/4731879.html?fbclid=IwAR0nyUnkcaET4V4vpNvZkcBlhC4cTTjoo6Nv7ZqoCkWC_otSeoKjP8InIr0

## နော်ဝေနိုင်ငံက ကားဝယ်ယူနိုင်မှု အများဆုံးဖြစ်လာ

ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်က နော်ဝေနိုင်ငံမှာ ရောင်းချခဲ့ရတဲ့ ကားသစ်စုစုပေါင်းရဲ့ သုံးချိုးတစ်ချိုး နီးပါးလောက်ဟာ လျှပ်စစ်ကားတွေဖြစ်ခဲ့ပြီး ဒါဟာ ယင်းလိုမျိုး ရောင်းချရမှုအတွက် ကမ္ဘာ့စံချိန်တစ်ခုကိုတင်နိုင်ခဲ့ကြောင်း နော်ဝေ အာဏာပိုင်တွေကထုတ်ပြန်လိုက်ပါတယ်။
ယင်း ၂၀၁၈ ခုနှစ်က နော်ဝေမှာ ရောင်းချခဲ့ရတဲ့ ကားသစ်စုစုပေါင်းရဲ့ ၃၁ရာခိုင်နှုန်းဟာ လျှပ်စစ်ကားတွေဖြစ်ပြီး ဒါဟာ၂၀၁၇ ခုနှစ်က ၂၁ရာခိုင်နှုန်းနဲ့ ၂၀၁၃ ခုနှစ်က ၆ ရာခိုင်နှုန်းတို့ကနေတက်လာခဲ့တာဖြစ်ကြောင်းသိရပါတယ်။
လက်ရှိအချိန်မှာ လာမယ့် ၂၀၂၅ မတိုင်ခင် နိုင်ငံမှာ မီးခိုးငွေ့(အိတ်ဇော‌ငွေ့) ထုတ်လွှတ်မှုကင်းစင်တဲ့ ကားတွေကိုပဲ ရောင်းချသွားဖို့ နော်ဝေသဘာဝပတ်ဝန်းကျင်ဝန်ကြီး Ola Elvestuen က တွန်းအားပေးထားပါတယ်။
ဒီ့အပြင် နိုင်ငံမှာ လျှပ်စစ်ကားဝယ်ယူသူတိုင်းကို ထောက်ပံ့ကြေးငွေတွေ အစိုးရဘက်က ပံ့ပိုးထုတ်ပေးနေလျက်

ရှိပါတယ်။ ယင်းနော်ဝေဈေးကွက်မှာတော့ Nissan ရဲ့ Leaf ကားက လူကြိုက်အများဆုံးဖြစ်နေပြီး ယင်းရဲ့နောက်မှာ BMW ရဲ့ i3 နဲ့ Tesla ရဲ့ Model X တို့ကအသီးသီး ကပ်လိုက်နေတယ်လို့သိရပါတယ်။

**Source:** https://www.upi.com/.../Norway-sets-record-fo.../5431546462808/...

## ၂၀၁၉ ခုနှစ်တွင် အလားအလာကောင်းများနှင့် အပြောင်းအလဲကြီးကြီးမားမားရှိလာမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ

၂၀၁၉ ခုနှစ်တွင် အလားအလာကောင်းများနှင့် အပြောင်းအလဲ ကြီးကြီးမားမားရှိလာမည့်ကဏ္ဍထဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသည် တစ်ခုအပါအဝင်ဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များ အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူမှုကို ၂၀၁၃ ခုနှစ်က နောက်ဆုံးခေါ်ယူခဲ့ပြီး ယခုလာမည့် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင်ထပ်မံခေါ်ယူတော့မည်ဖြစ်သည်။ ထိုသို့ခေါ်ယူရန်အတွက် ပြင်ဆင်မှုများပြုလုပ်ရာ၌ သက်ဆိုင်ရာစာချုပ်များတွင် ပါဝင်သည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းသတ်မှတ်ချက်များကို နှစ်ဖက်အကျိုးရှိစေရန် ပြင်ဆင်နေပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မည့်အချက်များ ပါဝင်မည်ဖြစ်သည်။ အဆိုပါအချက်များတွင် အစိုးရနှင့်ကုမ္ပဏီများကြား ချုပ်ဆိုမည့် အကျိုးအမြတ် ခွဲဝေမှုစာချုပ် (Production Sharing Contract - PSC)ပါ အချို့အချက်များကို ပြန်လည်ဖြေလျှော့ပေးရေးလည်းပါဝင်ပြီး ယင်းနှင့်ပတ်သက်သောဆွေးနွေးမှုများလည်း နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြီးစီးပါက အစိုးရအဖွဲ့ရုံးသို့တင်ပြ၍ နိုင်ငံတော်သမ္မတရုံးကခွင့်ပြုလျှင် အပြည်ပြည်ဆိုင်ရာ တင်ဒါကို ၂၀၁၉ ခုနှစ်ထဲတွင် အမြန်ဆုံးနှင့်အစောဆုံးခေါ်ယူသွားမည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အဆင့်မြင့်အရာရှိတစ်ဦးက မြန်မာတိုင်း(မ်)ကိုပြောသည်။ ယခင်က ကမ်းလွန်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်း အကျိုးအမြတ်ခွဲဝေမှုတွင် မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ၆၅ ရာခိုင်နှုန်းယူပြီး ကုမ္ပဏီအား ၃၅ ရာခိုင်နှုန်းပေးသည်။ အခွန်တည်ငြိမ်မှုမရှိခြင်း၊ မြေယာလျော်ကြေးကိစ္စများ၊ အစိုးရဌာနများခွင့်ပြုချက်ပေးရန် ကြန့်ကြာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက် EIA အောင်လက်မှတ်ထုတ်ပေးမှုတွင် ကြန့်ကြာခြင်းများက ရင်းနှီးမြှုပ်နှံမည့် သူများအပေါ် သက်ရောက်စေကြောင်း၊ နည်းပညာမြင့်မားပြီး ရင်းနှီးမြှုပ်နှံမှုများကာ စွန့်စားမှုရှိရသော ရေနံနှင့် ဘာဝဓာတ်ငွေ့ကဏ္ဍတွင် အခွန်ကင်းလွတ်ခွင့်ကာလမပေးခြင်းသည် လာရောက်ရင်းနှီးမြှုပ်နှံရန် အဓိကအခက်အခဲအဖြစ်ရှိနေသည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အဆင့်မြင့်အရာရှိကဆိုသည်။ နိုင်ငံတကာ တင်ဒါခေါ်ယူမှုတွင် လုပ်ထုံးလုပ်နည်းများကို အထူးလေ့လာရန်လိုအပ်ပြီး ရေနံကုမ္ပဏီများ နိုင်ငံတစ်နိုင်ငံသို့ ဝင်မဝင်မည်သည့်အချက်များဖြင့် ဆုံးဖြတ်ကြသည်ကို လေ့လာရမည်ဖြစ်ကြောင်း၊ ထိုအချက်များကို မလေ့လာဘဲ ကိုယ့်ဘက်က အမှန်လုပ်နေ၍မရကြောင်း စွမ်းအင် အသိုင်းအဝိုင်းကဆိုသည်။

ကမ်းလွန်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များတွင် နိုင်ငံတကာကုမ္ပဏီများဘက်က ပြန်အပ်သွားသည့် ဖြစ်စဉ်များလည်းရှိခဲ့သည်။ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင်း လက်မှတ်ရေးထိုးခဲ့ကြသော ရေနံကုမ္ပဏီများဖြစ်သည့် Shell, Statoil, Reliance နှင့် Oil India ကုမ္ပဏီများသည် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် ပြန်ထွက်သွားခဲ့သည်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် တင်ဒါစခေါ်ပါက လုပ်ထုံးလုပ်နည်း စည်းမျဉ်းသတ်မှတ်ချက်များကို ဝက်ဆိုက်ပေါ်တင်ပေးကြောင်း၊ ကုမ္ပဏီများကိုလည်းခေါ်ယူ၍ သိလိုသည်များကိုရှင်းပြကြောင်း၊ ယခုတင်ဒါခေါ်ယူမှုတွင် အလားတူလုပ်ဆောင်သွားမည်ဟု ဝန်ကြီးဌာနကဆိုသည်။ လက်ရှိအခြေအနေများအရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ တင်ဒါအမြန်ဆုံးခေါ်ယူရေး စီစဉ်လျက်ရှိပြီး ရေနံကုမ္ပဏီကြီးများကိုဆွဲဆောင်မည့်အချက်များပါဝင်လာမည်မှာ သေချာနေပြီဖြစ်သည်။ ထို့ပြင် ၂၀၁၈ ခုနှစ်ထဲတွင် ကမ်းလွန်၌ Woodside က တွင်းသုံးတွင်းတူးခဲ့ပြီး CNPC လုပ်ကွက်၊ A-6 လုပ်ကွက်များတွင် တစ်တွင်းစီတူးဖော်မှုသည် အလားအလာကောင်းပြီး A-7 လုပ်ကွက်တွင်အလားအလာ သိပ်မကောင်းသည့်အခြေအနေဖြစ်သည်။ အခြားကုမ္ပဏီများသည် ရှာဖွေရေးကာလမရောက်သေးဘဲ လေ့လာရေးကာလတွင်သာရှိနေသေးရာ ရှာဖွေရေးကာလ ဆက်လုပ်၊ မလုပ်ကို ၂၀၁၉ ခုနှစ်တွင် ဆုံးဖြတ်ကြရမည်ဖြစ်ရာ ယင်းအဆုံးအဖြတ်သိရမည့်နှစ်လည်းဖြစ်သည်။ တစ်ဖက်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် ရေနံဓာတုဗေဒစက်ရုံများ၊ ရေနံချက်စက်ရုံများကို နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်သုံးသပ်နေပြီဖြစ်သည်။

**Source:** https://www.facebook.com/BaganTrade/posts/1800882496708069?__tn__=K-R

## STOCK EXCHANGE (8.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 9,900 | 10,000 | 9,900 | 548 | 5,432,200 | 27,112,747 | 271,127 |
| MTSH | 00002 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 169 | 507,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,200 | +700 | +10.77% | 7,000 | 7,200 | 7,000 | 277 | 1,942,400 | 10,400,986 | 74,887 |
| FPB | 00004 | 22,500 | +0 | +0.00% | 23,000 | 23,000 | 22,500 | 313 | 7,054,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 30 | 84,000 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.78 | +6.76 | +1.70% | 401.27 | 404.78 | 401.27 | 1,337 | 15,020,100 | 5 | 552,618 |


**Index chart**




## Market Overview

As of 1:00 pm, 8th Jan. 2019

| MYANPIX | 404.78 ▲ 6.76 |
|---|---|
| Total Volume (shares) | 1,337 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 552,618 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 700 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |